# အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံသူအခွန်ထမ်းများအနေဖြင့် One Stop Services Center (OSSC) ရှိ ပြည်တွင်းအခွန်များဦးစီးဌာနတွင် ရယူနိုင်သည့်အခွန်ဆိုင်ရာဝန်ဆောင်မှုများနှင့် အခွန်ထမ်းများသိရှိရန် လိုအပ်သည့်အခွန်ဆိုင်ရာကိစ္စရပ်များအကြောင်း သိကောင်းစရာ

## ရည်ရွယ်ချက်

၁။ အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန (OSSC)တွင် ရယူနိုင်သည့် အခွန်ဆိုင်ရာဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ သိရှိနိုင်ကြစေရန်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကျင့်သုံးလျက်ရှိသည့် အီလက်ထရောနစ်ဝန်ဆောင်မှုနည်းလမ်းများဖြစ်သည့် e – Registration Management System၊ e–Filing Management System၊ e– Payment (Online Payment System) များကို အသုံးပြု၍ အခွန်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ကြရာတွင် အဆင်ပြေချောမွေ့လွယ်ကူရှင်းလင်းစွာ လိုက်နာဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်ပါသည်။

## ဆောင်ရွက်နိုင်သည့် အခွန်ဆိုင်ရာကိစ္စရပ်များ

၂။ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများဆောင်ရွက်သည့်အဖွဲ့ (One Stop Services Center – OSSC)ရှိ ပြည်တွင်းအခွန်များဦးစီးဌာနတွင် အောက်ဖော်ပြပါ အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပါသည်–

(က) ဝင်ငွေခွန် (Income Tax)

(၁) ပုဂ္ဂိုလ်စုဝင်ငွေခွန် (Corporate Income Tax)

(၂) လစာဝင်ငွေခွန် (Pay As You Earned)

(၃) ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် (Withholding Tax)

(၄) အခြေပစ္စည်းမှ မြတ်စွန်းငွေ (Capital Gains)

( ခ ) ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)

( ဂ ) အထူးကုန်စည်ခွန် (Specific Goods Tax)

(ဃ) တံဆိပ်ခေါင်းခွန် (Stamp Duty)

**အခွန်ထမ်းမှတ်ပုံတင်ခြင်း**

၃။ အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမည့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်မည့် ကုမ္ပဏီ အဖွဲ့အစည်းများအနေဖြင့် အထူးစီးပွားရေးဇုန်အတွင်းရှိ စီမံခန့်ခွဲမှုကော်မတီရုံးတွင် ပူးတွဲဖွင့်လှစ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးခွဲတွင် မှတ်ပုံတင်ပြီးပါက ယင်းမှတ်ပုံတင်သည့်နေ့မှ ရက်ပေါင်း(၉၀)အတွင်း ပြည်တွင်းအခွန်များဦးစီးဌာနရှိ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ်(e-Registration Management System) ကို အသုံးပြု၍ အခွန်ထမ်းမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဆောင်ရွက်ရာတွင် -

(က) အခွန်ထမ်းမှ ဦးစွာအကောင့်မှတ်ပုံတင်ခြင်း (User Account Registration) ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော https://www.ird.gov.mm ပင်မ စာမျက်နှာရှိ e-Registration မှတစ်ဆင့် ဝင်ရောက်၍သော်လည်းကောင်း၊ https://eregistration.ird.gov.mm မှတစ်ဆင့် ဝင်ရောက်၍သော်လည်းကောင်း User Account Registration ဆောင်ရွက်ပုံ အဆင့်ဆင့် (User Guide) ပါအတိုင်း လျှောက်ထားရမည်ဖြစ်ပါသည်၊

(ခ) ထို့နောက် Account Register ပြုလုပ်ထားသည့် အီးမေးလ်နှင့် Password တို့ကို အသုံးပြု၍ အီလက်ထရောနစ်နည်းဖြင့် e-Registration မှတစ်ဆင့် အခွန်ထမ်းမှတ်ပုံတင်လျှောက်ထားခြင်းကို အခွန်ထမ်းအမျိုးအစားအလိုက် အသုံးပြုသူလမ်းညွှန် (User Guide) ပါအတိုင်း အဆင့်ဆင့်ဖြည့်သွင်း၍ လျှောက်ထားရမည် ဖြစ်ပါသည်၊

(ဂ) လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်း အထောက်အထားများအား Soft Copy (ဥပမာ-.pdf, .jpg, .png, .gif စသည့် သက်ဆိုင်သည့် format) ဖြင့် ပူးတွဲတင်ပြရပါမည်-

(၁) ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ၊ ပြည်တွင်းအခွန်များဦးစီးဌာနသို့ လိပ်မူ၍ Company Letter Head ဖြင့် အခွန်ထမ်းမှတ်ပုံတင် လျှောက်ထားစာ၊(ကုမ္ပဏီတံဆိပ်တုံး၊ ကုမ္ပဏီ၏တာဝန်ရှိသူ တံဆိပ်တုံး၊ လက်မှတ်ပါရှိရမည်)

(၂) ပြည်ပနေနိုင်ငံခြားကုမ္ပဏီ/အဖွဲ့အစည်းဖြစ်ပါက ပြည်ပနိုင်ငံရှိ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်(မိတ္တူ)နှင့် စာရွက်စာတမ်း အထောက်အထားများ၊

(၃) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(Company Certificate) နှင့် Company Extract Form များ၊

(၄) ထိုက်သင့်ရာတံဆိပ်ခေါင်းကပ်နှိပ်ထားသည့် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ သို့မဟုတ် သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း(ရှိပါက)၊

(၅) Special Economic Zone ၏ ခွင့်ပြုမိန့် အထောက်အထားများ၊

(၆) ကိုယ်စားလှယ်ခန့်အပ်၍ လျှောက်ထားခြင်းဖြစ်ပါက ထိုက်သင့်သည့်တံဆိပ်ခေါင်းကပ်နှိပ်ထားသည့် ကိုယ်စားလှယ်လွှဲစာ၊

**ကုန်သွယ်လုပ်ငန်းခွန် လုပ်ငန်းမှတ်ပုံတင်ခြင်း**

၄။ ရင်းနှီးမြှုပ်နှံသူအခွန်ထမ်းများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်လုပ်ငန်းမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်း၊ လုပ်ငန်းစတင်လုပ်ကိုင်ကြောင်းအကြောင်းကြားခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရပါမည်-

(က) ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူက မှတ်ပုံတင်ရန် လျှောက်ထားခြင်းဖြစ်ပါက လုပ်ငန်း မစတင်မီတစ်လ၊ သက်တမ်းတိုးခြင်းဖြစ်ပါက မှတ်ပုံတင်လက်မှတ် သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ ပြည်တွင်းအခွန်များဦးစီးဌာန (OSSC) သို့ ပတခ(ကသခ) -၀၁-၀၁ ဖြင့် လျှောက်ထားရပါမည်၊

(ခ) ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို စတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာ ပတခ(ကသခ)-၀၁-၀၁(က) ဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန(OSSC)သို့ လုပ်ငန်းစတင်လုပ်ကိုင်သည့်နေ့မှ ၁၀ ရက်အတွင်း လျှောက်ထားရပါမည်၊

(ဂ) ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန(OSSC)က ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူအား လုပ်ငန်းမှတ်ပုံတင်လက်မှတ် ပတခ(ကသခ)-၀၁-၀၂ ကိုထုတ်ပေးမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းမှတ်ပုံတင်လက်မှတ် ပတခ(ကသခ)-၀၁-၀၂ ကို ပင်မလုပ်ငန်းဌာနတွင် လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်မိတ္တူကို သက်ဆိုင်သည့်လုပ်ငန်းခွဲ ဌာနအသီးသီးတွင်လည်းကောင်း အများမြင်သာအောင် ချိတ်ဆွဲထားရပါမည်၊

(ဃ) ကုန်သွယ်လုပ်ငန်းခွန် မှတ်ပုံတင်လက်မှတ် ပတခ(ကသခ)-၀၁-၀၂ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ နှစ်တစ်နှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သည့် ရောင်းရငွေ/ ဝန်ဆောင်မှုရငွေမရှိသည့် ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန် မှတ်ပုံတင်ခြင်းအား မဖြစ်မနေလျှောက်ထားရန် မလိုအပ်ပါ။ သို့ရာတွင် အခွန်စုနှိမ်ခွင့်

ခံစားလိုခြင်းကြောင့်ဖြစ်စေ၊ လုပ်ငန်းသဘောသဘာဝအရ လိုအပ်ခြင်းကြောင့် ဖြစ်စေ၊ ကုန်သွယ်လုပ်ငန်းခွန်မှတ်ပုံတင်ခြင်းကို မိမိတို့ဆန္ဒအလျောက် ဆောင်ရွက်နိုင်ပါသည်။

**အထူးကုန်စည်ခွန် လုပ်ငန်းမှတ်ပုံတင်ခြင်း**

၅။ ရင်းနှီးမြှုပ်နှံသူအခွန်ထမ်းများအနေဖြင့် အထူးကုန်စည်ခွန် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းသူ သို့မဟုတ် ပြည်ပသို့တင်ပို့သူသည် ဘဏ္ဍာရေးနှစ်အတွင်း အကောက်ခွန်ဆိုင်ရာ ရှင်းလင်းထုတ်ယူခြင်းမပြုမီ သို့မဟုတ် ရှင်းလင်းတင်ပို့ခြင်းမပြုမီဖြစ်စေ၊ ပြည်တွင်း၌ထုတ်လုပ်သူသည် စတင်ထုတ်လုပ်ခြင်းမပြုမီ သုံးလ၊ ဆက်လက်လုပ်ကိုင်မည်ဖြစ်ပါက ဘဏ္ဍာရေးနှစ် အစရှိသည့် ဧပြီလ ၁ ရက်နေ့မတိုင်မီ သုံးလကြိုတင်၍ လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးခွင့်ပြုရန် ပြည်တွင်းအခွန်များဦးစီးဌာန(OSSC)သို့ ပတခ(အထခ)-၀၁-၀၁ ဖြင့် လျှောက်ထားရပါမည်၊

( ခ ) ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန(OSSC)က ပြည်တွင်းသို့တင်သွင်းသူ သို့မဟုတ် ပြည်တွင်း၌ထုတ်လုပ်သူ သို့မဟုတ် ပြည်ပသို့တင်ပို့သူအား လုပ်ငန်းမှတ်ပုံတင်လက်မှတ် ပတခ(အထခ)-၀၁-၀၂ ကိုထုတ်ပေးမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှတ်ပုံတင်လက်မှတ် ပတခ(အထခ)-၀၁-၀၂ ကို ပင်မလုပ်ငန်းဌာနတွင်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်မိတ္တူကို သက်ဆိုင်သည့်လုပ်ငန်းခွဲဌာနအသီးသီးတွင် လည်းကောင်း အများမြင်သာအောင် ချိတ်ဆွဲထားရပါမည်။

**အခွန်ထမ်းဆိုင်ရာသတင်းအချက်အလက်များပြောင်းလဲခြင်း**

၆။ ရင်းနှီးမြှုပ်နှံသူအခွန်ထမ်းများအနေဖြင့် အခွန်ထမ်းဆိုင်ရာသတင်းအချက်အလက်ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန(OSSC)သို့ အောက်ပါအတိုင်း အကြောင်းကြားတင်ပြရမည်-

| | | |
|---|---|---|
| (က) ဝင်ငွေခွန်ဥပဒေနှင့်သက်ဆိုင်သည့်ကိစ္စဖြစ်ပါက | - | ပြောင်းလဲမှုပြုလုပ်ပြီး တစ်နှစ်အတွင်း |
| ( ခ ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်သက်ဆိုင်သည့် ကိစ္စဖြစ်ပါက | - | ပြောင်းလဲမှုပြုလုပ်ပြီး ၁၅ ရက်အတွင်း |
| ( ဂ ) အထူးကုန်စည်ခွန်ဥပဒေနှင့်သက်ဆိုင်သည့် ကိစ္စဖြစ်ပါက | - | ပြောင်းလဲမှုပြုလုပ်ပြီး ၁၅ ရက်အတွင်း |

**အခွန်ကြေညာလွှာတင်သွင်းခြင်း**

၇။ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System)ကို အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းမည်ဆိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သော www.ird.gov.mm ၏ e-filing service Login Here မှတစ်ဆင့် Link ဝင်ရောက်၍လည်းကောင်း၊ https://efiling.ird.gov.mm Link မှ ဝင်ရောက်၍လည်းကောင်း တင်သွင်းရမည် ဖြစ်ပါသည်။ တင်သွင်းရာတွင် အောက်ပါကြေညာလွှာများအား ယှဉ်တွဲဖော်ပြပါ အချိန်ကာလများတွင် ကြေညာလွှာ၏ညွှန်ကြားချက်ပါ သက်ဆိုင်ရာ ပူးတွဲအထောက်အထားများနှင့်တကွ ပေးပို့တင်သွင်းကြရမည်ဖြစ်ပါသည်-

(က) ဝင်ငွေခွန်နှင့်စပ်လျဉ်း၍

| | | |
|---|---|---|
| (၁) | နှစ်ချုပ်ဝင်ငွေကြေညာလွှာ (ပတခ(ဝင)-၀၃-၀၁) | - သက်ဆိုင်ရာဝင်ငွေနှစ်ကုန်ဆုံးပြီး ၃ လအတွင်း |
| (၂) | လစာနှစ်ချုပ်စာရင်း (ပတခ(ဝင)-၀၃-၀၇(က)) | - သက်ဆိုင်ရာဝင်ငွေနှစ်ကုန်ဆုံးပြီး ၃ လအတွင်း |
| (၃) | လစာဝင်ငွေခွန်နုတ်ယူပေးသွင်းသူက ပေးပို့ရမည့်စာရင်းပုံစံ (ပတခ(ဝင)-၀၃-၀၆(က)) | - သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၅ ရက်အတွင်း |
| (၄) | ရောင်းချ၊ လဲလှယ်၊ လွှဲပြောင်းခြင်း အလိုက်တင်သွင်းရသည့်အခြေပစ္စည်းမှ မြတ်စွန်းငွေကြေညာလွှာ (ပတခ(ဝင)-၀၃-၀၁(က)) | - ရောင်းချ၊ လဲလှယ်၊ လွှဲပြောင်းခြင်း ပြုလုပ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း |
| (၅) | စုပေါင်းတင်သွင်းသည့် အခြေပစ္စည်းမှ မြတ်စွန်းငွေကြေညာလွှာ (ပတခ(ဝင)-၀၃-၀၁(ခ)) | - သက်ဆိုင်ရာဘဏ္ဍာနှစ်ကုန်ဆုံးပြီး ၃ လ အတွင်း |

( ခ ) ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍

| | | |
|---|---|---|
| (၁) | သုံးလပတ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာ(ပတခ(ကသခ)-၀၃-၀၁) | - သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး ၁ လ အတွင်း |
| (၂) | နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာ(ပတခ(ကသခ)-၀၃-၀၁(က)) | - သက်ဆိုင်ရာဘဏ္ဍာနှစ်ကုန်ဆုံးပြီး ၃ လ အတွင်း |

( ဂ ) အထူးကုန်စည်ခွန်နှင့်စပ်လျဉ်း၍

| | | |
|---|---|---|
| (၁) | သုံးလပတ်အထူးကုန်စည်ခွန် ကြေညာလွှာ(ပတခ(အထခ)-၀၃-၀၁) | - သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း |

**အခွန်ပေးဆောင်ခြင်း**

၈။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် သတ်မှတ်ထားသည့် အခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသည့် အချိန်မှစ၍ ကြိုတင်ဝင်ငွေခွန် သို့မဟုတ် လစဉ်ကျသင့်ကုန်သွယ်လုပ်ငန်းခွန် သို့မဟုတ် အထူးကုန်စည်ခွန်တို့အား သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးများ၏ ဘဏ်စာရင်းသို့ အောက်ပါအတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်-

(က) **အခွန်ပေးသွင်းရမည့်ကာလ**

| | | | |
|---|---|---|---|
| (၁) | ဝင်ငွေခွန် | - | သက်ဆိုင်ရာ သုံးလပြည့် မြောက်သည့်နေ့မှ ၁၀ ရက် အတွင်း |
| (၂) | လစာဝင်ငွေခွန် | - | နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်း |
| (၃) | ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့် ဝင်ငွေခွန် | - | နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်း |
| (၄) | ကုန်သွယ်လုပ်ငန်းခွန် | - | သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း |
| (၅) | အထူးကုန်စည်ခွန် | - | လကုန်ဆုံးပြီး ၁၀ ရက်အတွင်း |

( ခ ) **အခွန်ပေးဆောင်နိုင်သည့်နည်းလမ်းများ**

အခွန်ပေးဆောင်မှုအဆင့်များတွင် လွယ်ကူမြန်ဆန်စေရန် ရည်ရွယ်၍ အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းနှင့် မိုဘိုင်းငွေပေးချေမှုနည်းလမ်းတို့ဖြင့် CBM Net မှ တစ်ဆင့်လည်းကောင်း၊ MPU e - Commerce ကို အသုံးပြု၍လည်းကောင်း အခွန်ပေးသွင်းမှုများဆောင်ရွက်နိုင်ပါသည်-

(၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ယက်စနစ် CBM Net ကို အသုံးပြု၍ အခွန်ငွေလွှဲပြောင်းပေးသွင်းနိုင်သည့် နည်းလမ်းများ-

(ကက) IRD နှင့် API နည်းပညာဖြင့် ချိတ်ဆက်ထားသော ဘဏ်များဖြစ်သည့် CB၊ AYA၊ KBZ၊ MAB၊ AGD၊ MWD .....တို့၏ i-Banking၊ Mobile Banking၊ Mobile Payment ( AYA Pay၊ uab Pay, One Pay,.....) တို့ကို အသုံးပြု၍ လွှဲပြောင်းပေးသွင်းခြင်း၊

(ခခ) API နည်းပညာဖြင့် ချိတ်ဆက်မထားသောဘဏ်များ၏ Digital Payment System များကို အသုံးပြု၍ လွှဲပြောင်းပေးသွင်းခြင်း၊

(ဂဂ) စာရင်းပြောင်းနည်း (Transfer)၊ စာရင်းရှင်းနည်း (Clearing)၊ PO/ Cheque တို့ဖြင့် လွှဲပြောင်းပေးသွင်းခြင်း၊

(ဃဃ) ငွေသားဖြင့် လွှဲပြောင်းပေးသွင်းခြင်း (Cash on Delivery)။

(၂) e-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကို အသုံးပြု၍ IRD Website www.ird.gov.mm ၏ Start Your Tax Online Payment မှတစ်ဆင့် Link ဝင်၍ အခွန်ပေးဆောင်ခြင်း။

**အခွန်ခုနှိမ်ခြင်း**

၉။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ပြည်ပမှ ကုန်စည်တင်သွင်းခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းလုပ်ငန်းများအပေါ် အောက်ပါအတိုင်း ခုနှိမ်ရပါမည်-

(က) **ကုန်ထုတ်လုပ်သူ**

(၁) ပြည်ပမှ ကိုယ်တိုင် ဝယ်ယူတင်သွင်းသော ကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(၂) အခြားကုန်ထုတ်လုပ်သူထံမှဖြစ်စေ၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူထံ မှဖြစ်စေ၊ ပြည်ပမှ ကုန်စည်တင်သွင်းသူထံကဖြစ်စေ ဝယ်ယူသော ကုန်စည်အတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(၃) ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှု လုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

( ခ ) **ကုန်စည်တင်သွင်းသူ/ကုန်သွယ်မှုဆောင်ရွက်သူ/ ဝန်ဆောင်မှုဆောင်ရွက်သူ**

(၁) ပြည်ပမှ ကိုယ်တိုင် ဝယ်ယူတင်သွင်းသော ကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(၂) ပြည်တွင်း၌ဝယ်ယူသော ကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(၃) ကုန်သွယ်မှုလုပ်ငန်း/ဝန်ဆောင်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

၁၀။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အထူးကုန်စည်ခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်း၌အထူးကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ရောင်းချခြင်း လုပ်ငန်းများအပေါ် အောက်ပါအတိုင်း ခုနှိမ်ရပါမည်-

(က) **ကုန်ထုတ်လုပ်သူ**

(၁) ပြည်တွင်းသို့ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော အထူးကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုး အပေါ် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်၊

(၂) ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူသော အထူးကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်။

(ခ) **ပြည်ပသို့ တင်ပို့ရောင်းချသူ**

(၁) ပြည်တွင်းသို့ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော အထူးကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်၊

(၂) ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်သူထံမှ တိုက်ရိုက်ဝယ်ယူသော အထူးကုန်စည်အတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်။

**တံဆိပ်ခေါင်းခွန်ထိုက်သင့်ခြင်း**

၁၁။ (က) **တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည့်အချိန်**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တံဆိပ်ခေါင်းခွန်ထိုက်သင့်သော စာချုပ်စာတမ်းတစ်ခုခုကို ချုပ်ဆိုသူ မည်သူမဆို စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ စာချုပ်ချုပ်ဆိုချိန်တွင်ဖြစ်စေ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရမည်ဖြစ်ပါသည်။

(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြင်ပတွင် ချုပ်ဆိုခဲ့သည့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ် မဟုတ်သော တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်း တစ်ရပ်ရပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ပထမဦးစွာ လက်ခံရရှိပြီးနောက် **(၃) လအတွင်း** မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ယူဆောင်လာပြီး တံဆိပ်ခေါင်းကပ်နှိပ် ထမ်းဆောင်ရမည်ဖြစ်ပါသည်။

(ခ) **တံဆိပ်ခေါင်းဝယ်ယူရရှိနိုင်သည့် နေရာများ**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများဆောင်ရွက်သည့်အဖွဲ့ (OSSC) ရှိ ပြည်တွင်းအခွန်များဦးစီးဌာနသည် -

(၁) ကုမ္ပဏီများ၏ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများအားလုံး အပေါ် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ယင်းတွင်အများအားဖြင့် ကပ်နှိပ်

ရောင်းချပေးသည့် စာချုပ်စာတမ်းများမှာ မြေ/ အဆောက်အဦ ငှားရမ်းစာချုပ်၊ ယာဉ်ငှားရမ်းခြင်းစာချုပ်၊ အစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ်၊ ချေးငွေစာချုပ်၊ သဘောတူစာချုပ်၊ ကိုယ်စားလှယ်လွှဲစာတို့ ဖြစ်ပါသည်။ ထို့ပြင် အထူးစီးပွား ရေးဇုန်စီမံခန့်ခွဲမှုကော်မတီရှိ ပြည်တွင်းအခွန်များဦးစီးဌာန (OSSC) တံဆိပ် ခေါင်းအရောင်းကောင်တာနှင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (၁) တံဆိပ် ခေါင်းအရောင်းကောင်တာတို့တွင် တံဆိပ်ခေါင်းအားလုံး ရောင်းချပေးလျက် ရှိပါသည်။

**( ဂ ) တံဆိပ်ခေါင်းခွန်ပေးဆောင်ရမည့်သူများ**

(၁) စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ ထိုစာချုပ်စာတမ်းကို ရေးသားပြုလုပ်သူ သို့မဟုတ် ချုပ်ဆိုသူက ပေးဆောင်ရမည်။

(၂) ငှားရမ်းရန် သဘောတူညီချက်ဖြစ်သည့်အချက်တွင် ငှားရမ်းသူ သို့မဟုတ် ငှားရမ်းရန်ကြံရွယ်သူက ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကို ပေးဆောင် ရမည်။ ငှားရမ်းခြင်းမူရင်းခွဲဖြစ်သည့်အချက်တွင် ထိုက်သင့်သည့် တံဆိပ်ခေါင်း ကုန်ကျငွေကို အငှားချထားသူက ပေးဆောင်ရမည်။

(၃) မြေငှားသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ တံဆိပ်ခေါင်းခွန်ကို ငှားရမ်းသူ (အငှားရယူသူ)မှ ပေးဆောင်ရမည်။(ဤနေရာတွင်ရင်းနှီးမြှုပ်နှံသူဖြစ်သည်။)

(၄) အခွန်ရုံးသို့တင်ပြသော စာချုပ်မိတ္တူများသည် အမှန်တကယ် ချုပ်ဆိုသော စာချုပ်နှင့် ကွဲလွဲမှုမရှိစေရပါ။

(၅) နှစ်ရှည်မြေငှားရမ်းစာချုပ်ကိုမူ ဥပဒေနှင့်အညီ ခိုင်လုံမှုရှိစေရေး အတွက် ထမ်းဆောင်ရမည့် ထိုက်သင့်တံဆိပ်ခေါင်းခွန်ကို ကပ်နှိပ်ထမ်းဆောင် သင့်ပါ သည်။

**(ဃ) ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် နှုန်းထားများ**

(၁) ကိုယ်စားလှယ်လွှဲစာ

| | | |
|---|---|---|
| (ကက) | တရားမမှု (သို့) အခြားမှုခင်းများတွင် လိုအပ်လျှင် | - ၁၀၀ ကျပ် |
| (ခခ) | အထူးကိုယ်စားလှယ်လွှဲစာ(SP) | - ၃၀၀ ကျပ် |
| (ဂဂ) | အထွေထွေကိုယ်စားလှယ်လွှဲစာ(GP) | -၁၀၀၀ ကျပ် |

(၂) သဘောတူစာချုပ် သို့မဟုတ် သဘောတူညီချက်မှတ်တမ်း

(ကက) ဖက်စပ်သဘောတူစာချုပ်၊ ထုတ်လုပ်ခြင်း (သို့) အကျိုးအမြတ်ခွဲဝေ ခြင်း ပဋိညာဉ်စာချုပ်၊ ဆောက်လုပ်ရေးသဘောတူစာချုပ် (သို့) အလားတူ သဘောတူစာချုပ် (သို့) ပဋိညာဉ်စာချုပ်နှင့် သက်ဆိုင်

လျှင် – ထိုငွေပမာဏ (သို့) တန်ဖိုးအပေါ် ၁%၊ သို့ရာတွင် အများဆုံး ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် ၁၅၀၀၀၀ ကျပ်

(ခခ) အခြားနည်းဖြင့်ပြဋ္ဌာန်းမထားသည့်သဘောတူစာချုပ် – ၃၀၀ ကျပ်

(၃) အငှားစာချုပ်

(ကက) ငှားရမ်းခသတ်မှတ်၍ စပေါ်ငွေမပေးရသည့် (သို့) မပေးအပ်ရသည့် ကိစ္စတွင်–

- ❖ ငှားရမ်းကာလ ၁ နှစ်ထက်မပိုလျှင် – ငှားရမ်းခရငွေအားလုံး၏ ၀.၅%
- ❖ ငှားရမ်းကာလ ၃ နှစ် ထက်မပိုလျှင် – နှစ်စဉ် ပျမ်းမျှငှားရမ်းခ ရငွေ၏ ၀.၅%
- ❖ ငှားရမ်းကာလ ၃ နှစ်ထက်ပိုလျှင် – နှစ်စဉ်ပျမ်းမျှငှားရမ်းခ ရငွေ၏ ၂ %

( ခခ ) ဒဏ်ငွေ (သို့) စပေါ်ငွေအတွက်ဖြစ်စေ၊ ကြိုတင်ပေးငွေ အတွက် ဖြစ်စေ ထုတ်ပေး၍ ငှားရမ်းခသတ်မှတ်မထားလျှင် – ဒဏ်ငွေ၊ စပေါ်ငွေ (သို့) ကြိုတင်ပေးငွေအပေါ် ၂%

( ဂဂ ) သတ်မှတ်ထားသည့်ငှားရမ်းခအပြင် ဒဏ်ငွေ (သို့) စပေါ်ငွေ အတွက် သော်လည်းကောင်း၊ ကြိုတင်ထုတ်ချေးငွေအတွက် လည်းကောင်း ထုတ်ပေးသည်ဖြစ်လျှင် – ထိုဒဏ်ငွေ၊ စပေါ်ငွေ (သို့) ကြိုတင်ပေးငွေကို မပေးရပါက (သို့) လွှဲအပ်မပေးရပါက အဆိုပါ အငှားစာချုပ်ပေါ်တွင် ပေးဆောင်ရမည်ဖြစ်သည့် တံဆိပ်ခေါင်းခွန် အပြင် ဒဏ်ငွေ၊ စပေါ်ငွေ (သို့) ကြိုတင်ပေးငွေအပေါ် ၂ %

(၄) အစုရှယ်ယာလွှဲပြောင်းခြင်း – အစုရှယ်ယာတန်ဖိုးအပေါ် ၀.၁ %

(၅) အပေါင်စာချုပ်

(ကက) အပေါင်စာချုပ်ပစ္စည်းကို လက်ရောက်ပေးအပ်လျှင် – ချေးငွေ အပေါ် ၂% နှင့် အပိုတံဆိပ်ခေါင်းခွန် ၂% ( စုစုပေါင်း ၄% )

( ခခ ) အပေါင်စာချုပ်ပစ္စည်းကို လက်ရောက်မပေးအပ်လျှင် – ချေးငွေအပေါ် ၀.၅%

၁၂။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ဆောင်သောကိစ္စရပ်အလိုက် ပြုလုပ်ချုပ်ဆိုသော စာချုပ်စာတမ်း၊ စာမှတ်စာတမ်းများအပေါ် ထမ်းဆောင်ရမည့် ထိုက်သင့်တံဆိပ်ခေါင်းခွန် တန်ဖိုးများကို သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)ထံ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ လိုက်နာဆောင်ရွက်၍ မေးမြန်းနိုင်ပါသည်။

**အခွန်ဆိုင်ရာကိစ္စရပ်များမေးမြန်းခြင်း**

၁၃။ အထူးစီးပွါးရေးဇုန်၏ လုပ်ငန်းမြှင့်တင်ရေးဇုန် (Promotion Zone) နှင့် ကင်းလွတ်ဇုန် (Free Zone)ရှိ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဇုန်ပြင်ပရှိကုမ္ပဏီများထံမှ ဝန်ဆောင်မှုရယူခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း၊ ကုန်စည်ဝယ်ယူခြင်း၊ ရောင်းချခြင်းတို့နှင့်ပတ်သက်သည့် အခွန်အမျိုးအစားအလိုက် ကင်းလွတ်ခွင့်နှင့်ကျသင့်၊ မကျသင့်ကိစ္စရပ်များမေးမြန်းနိုင်သည့်အပြင် မြန်မာအထူးစီးပွါးရေးဇုန်ဥပဒေ၊ မြန်မာအထူးစီးပွါးရေးဇုန်နည်းဥပဒေများအရ အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိစ္စရပ်များကိုလည်း ပြည်တွင်းအခွန်များဦးစီးဌာန(OSSC)တွင် မေးမြန်းနိုင်ပါသည်။

၁၄။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ အမှတ်-၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ဖုန်း-၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၀ လမ်း၊ ၁၀၁ (A) × ၁၀၂ လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ဖုန်း - ၀၂-၄၀၃၀၆၃၈၊ ဖုန်း -၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။